အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**အမျိုးသမီး၊ လူငယ် နှင့် ကလေးသူငယ်ရေးရာဝန်ကြီး ဌာန**

**ထုတ်ပြန်ကြေညာချက်အမှတ် ၃/၂၀၂၂**

**၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်**

# အမျိုးသမီး၊ လူငယ်နှင့် ကလေးရေးရာ ဝန်ကြီးဌာန မှ ထိုင်းနိုင်ငံ မူကြိုကျောင်း တွင် တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ ထုတ်ပြန်ချက်

၁။ ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းရှိ သူငယ်တန်းကျောင်းတစ်ကျောင်းအတွင်း သေနတ်ပစ်ခံရမှုကြောင့် ကလေးငယ် (၂၄) ဦး အသက်ဆုံးရှုံးရမှုအကြောင်း ကြားသိလိုက်ရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသမီး၊ လူငယ် နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ မှ ကျန်ရစ်သူ မိသားစုဝင်များ ကို ကိုယ်ချင်းစာ ဝမ်းနည်းရပါကြောင်း လေးလေးနက်နက် ဖော်ပြအပ်ပါသည်။

၂။ မြန်မာနိုင်ငံတွင်လည်း စက်တင်ဘာလ (၁၆) ရက်နေ့ ၂၀၂၂ ခုနှစ် စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ် လက်ယက်ကုန်း ကျေးရွာတွင် အကြမ်းဖက် စစ်ကောင်စီ၏ လေကြောင်း မှ ပစ်ခတ်မှုကြောင့် သေကြေခဲ့ရသော ကလေးငယ် (၇)ဦး နှင့် ထိခိုက်ဒဏ်ရာရသူ များအတွက် ကျွန်ုပ်တို့ မြန်မာပြည်သူများ လွန်စွာစိတ်ထိခိုက်ခဲ့ရသလို ယခု ထိုင်းနိုင်ငံတွင်ဖြစ်ပေါ်သော ကလေးငယ်များ ထိခိုက်သေဆုံးရမှု အတွက်လဲ များစွာအံ့သြတုန်လှုပ်ရပါသည်။

၃။ ကမ္ဘာကြီး၏ အနာဂါတ် ခေါင်းဆောင်များဖြစ်သော ကလေးသူငယ်များ ၏ လုံခြုံရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်တရာမှ အရေးကြီးသည့်အတွက် ကျနုပ်တို့ နိုင်ငံခေါင်းဆောင်များမှ အတူတကွ အကာအကွယ်ပေး နိုင်ရေးအတွက် လုပ်ဆောင်ကြပါစို့ဟု အမျိုးသမီး၊ လူငယ် နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန မှ ဆက်လက်တိုက်တွန်းအပ်ပါသည်။

အမျိုးသမီး၊ လူငယ် နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်